ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project




ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)

Village Development Plan(VDP)


လွိုင်ကော်မြို့နယ်၊ ကုန်းသာကျေးရွာအုပ်စု၊ ကုန်းသာကျေးရွာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဉစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၇ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၉ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၀ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၁ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၂ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၄ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၇ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၉ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၁ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၆ |
| ၂၄။ ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၃၈ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၄၀ |



လွိုင်ကော်မြို့နယ်
N
ရှမ်းပြည်နယ်
စကေး – ၁လက်မ = ၄မိုင်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း


ကုန်းသာကျေးရွာအုပ်စုမြေပုံ
N
လယ်ကွင်း
RC

**လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး**

**(၂၀၁၇-၂၀၁၈ ) ခုနှစ်**

ကျေးရွာအုပ်စုအမည် - **ကုန်းသာ** ကျေးရွာအမည် - **ကုန်းသာ** ရက်စွဲ -၂၁.၁၀.၂၀၁၇

**၁။ ကျေးရွာသမိုင်းကြောင်း**

ကုန်းသာကျေးရွာသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်းတွေတည်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏အကျယ်အဝန်းမှာ ၁၈၇ ဧက ခန့်ရှိပါသည်။ ယခင်က ပအိုဝ့်လူမျိုး အနည်းငယ်မှ စတင်နေထိုင်ခဲ့ပြီး ၁၉၆၀ခုနှစ်ဝန်းကျင်တွင် ကယန်းလူမျိုးများလည်း အခြေချ နေထိုင်လာ၍အိမ်ခြေပေါင်း(၂၀)အိမ်ဝန်းကျင်ဖြင့် စုပေါင်းနေထိုင်ခဲ့ကြပါသည်။ ထို့နောက် ရှိရင်းစွဲ အိမ်ထောင်စုများမှ သားသမီးများတိုးပွားလာခြင်းနှင့် အခြားနေရာဒေသများမှ အိမ်ထောင်စုများလည်း လာရောက်အခြေချနေထိုင်ကြခြင်းတို့ကြောင့် ယခုတွင် အိမ်ခြေစုစုပေါင်း(၅၅၇)အိမ်နှင့် လူဦးရေ စုစုပေါင်း(၃၀၉၉)ဦးအထိ တိုးပွားနေထိုင်ကြပြီဖြစ်သည်။ ကုန်းသာကျေးရွာတွင်နေကြထိုင်သော ကျေးလက်ပြည်သူများသည် ကယန်းလူမျိုးများ၊ ပအိုဝ်လူမျိုးများနှင့် အနည်းငယ်တခြားတိုင်းရင်းသား လူမျိုးများဖြစ်ကြပြီး ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြပါသည်။ ကျေးရွာ လူထုများ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းသည် တောင်ယာ၊ လယ်ယာစိုက်ပျိုးလုပ်ကိုင် ခြင်းဖြစ်ပါသည်။ ကုန်းသာကျေးရွာ၏ အဓိကသောက်သုံးရေသည် စိမ့်စမ်းရေမှသွယ်ယူအသုံးပြုပါသည်။ ကုန်းသာကျေးရွာတွင် ကျန်းမာရေးဌာန၊ အထကကျောင်း(ခွဲ)၊ ပရဟိတစာသင်ကျောင်း၊ မူကြိုကျောင်း၊ ဈေး၊ ခရစ်ယာန်ဘုန်းတော်ကြီးကျောင်း၊ ဗုဒ္ဓဘုန်းကြီးကျောင်း၊ ဘိုးဘွားရိပ်သာ၊ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ စိုက်ပျိုးရေးရုံး။ စိုက်ပျိုးရေးရေလှောင်စသော အခြေခံအဆောက်အဦးများစွာရှိပါသည်။ ထို့အပြင် ကုန်းသာကျေးရွာသည် လွိုင်ကော်«»အောင်ပန်း ကားလမ်းမကြီးနံဘေးတွင် တည်ရှိသောကြောင့် ရာသီမရွေးကောင်းမွန်စွာ သွားလာနိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။

**မှတ်တမ်းတင်သူ**

အမည် - ဦးကာပြေးလယ်

ရာထူး - CF

## ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း


| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | ကုန်းသာ | ပီကင်းကောရူ | |
| ၂။ | | ဂါရီကောရူ | |
| ၃။ | | ဆောင်ကန်း | |
| ၄။ | | ကုန်းသာ | |
| ၅။ | | ဂါဆောင် | |
| ၆။ | | သရက်ပင် | |
| ၇။ | | | |
| ၈။ | | | |
| ၉။ | | | |
| ၁၀။ | | | |
| ၁၁။ | | | |
| ၁၂။ | | | |
| ၁၃။ | | | |
| ၁၄။ | | | |
| ၁၅။ | | | |
| ၁၆။ | | | |
| ၁၇။ | | | |
| ၁၈။ | | | |
| ၁၉။ | | | |
| ၂၀။ | | | |

# လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (social Map/ Resource Map) | ၂၁.၁၀.၂၀၁၃ | ရပ်မိရပ်ဖ ကော်မတီဝင်များ | ၁၂၆ | ၁၂၉ | ၂၅၅ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊မြစ်ချောင်း၊ ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် (Wealth Ranking) | ၂၁.၁၀.၂၀၁၃ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၁၂၆ | ၁၂၉ | ၂၅၅ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားမျးနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၁.၁၀.၂၀၁၃ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၁၂၆ | ၁၂၉ | ၂၅၅ | အမျိုးသမီးနှင့် အမျိုးသားများ ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ်များကို သုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန် Seasonal Calender | ၂၁.၁၀.၂၀၁၃ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၁၂၆ | ၁၂၉ | ၂၅၅ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၁.၁၀.၂၀၁၃ | အမျိုးသား၊ အမျိုးသမီးများ | ၁၂၆ | ၁၂၉ | ၂၅၅ | အမျိုးသား၊အမျိုးသမီးများ ဘတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ(Venn Diagram) | ၂၁.၁၀.၂၀၁၃ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့ | ၁၂၆ | ၁၂၉ | ၂၅၅ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်း

မြို့နယ် - လှိုင်ကော်    ကျေးရွာအုပ်စု- ကုန်းသာ    ကျေးရွာ- ကုန်းသာ    ရက်စွဲ - ၂၁/၁၀/၂၀၁၇




ပါဝင်ဆွေးနွေးသူ -

ကျား -    ၃၄

မ -    ၃၉

မှတ်တမ်းတင်သူ

အမည်- ဦးကာပြေးလယ်

ရာထူး -လူထုစည်းရုံးရေးမှူး

## ကျေးရွာအရင်းအမြစ်ပြမြေပုံ ဆွေးနွေးသုံးသပ်ချက်

ကုန်းသာကျေးရွာသည် ကယားပြည်နယ်မြို့တော် လွိုင်ကော်မြို့၏ အနောက်မြောက်ဘက် (၁၀) ကျော်ခန့်အကွာမှာ တည်ရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။ ကုန်းသာကျေးရွာတွင် အိမ်ခြေစုစုပေါင်း (၅၅၇) အိမ်ရှိပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၃၂)အိမ်နှင့် မသန်စွမ်းသူရှိသော အိမ်ထောင်စု (၁၅)အိမ်ရှိပါသည်။ ကုန်းသာကျေးရွာတွင် မှီခိုနေထိုင်သော ကျေးလက်ပြည်သူများသည် အများအားဖြင့် ကယန်းလူမျိုး၊ ပအိုဂ်လူမျိုးနှင့် အခြားသောလူမျိုးရောများဖြစ်ကြပြီး ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။ ကျေးရွာလူထုများသည် တောင်ယာ၊ လယ်ယာလုပ်ကိုင်ခြင်းဖြစ် အသက်မွေးဝမ်းကြောင်းပြုကြပြီး တချို့သောသူတွေက ရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း လိုအပ်သောဆေးဝါးများလုံလောက်မှုမရှိပါ။ အထက(ခွဲ)စာသင်ကျောင်း တစ်ကျောင်းရှိပြီး ကျောင်းခြံစည်းရိုးအပြည့်မကာထားနိုင်သောကြောင့် ကျောင်းသားများအတွက် လုံခြုံမှုအပြည့်အဝမရှိပါ။ ယခင်နှစ်များက ကျောင်းအရှေ့မျက်နှာစာဘက်မှာသာ အုတ်တံတိုင်းကာထားပြီး ဘေးနှစ်ဘက်နှင့်အနောက်ဘက်မှာ အုတ်တံတိုင်းကာရံထားမှု မရှိသောကြောင့် ကျောင်းနဘေးတွင်ဖြတ်သန်းသွားလာသော ယာဉ်များလူများ၏ ဆူညံသံများသည် ကျောင်းသားများ စာသင်ယူမှုအတွက် အနှောင့်အယှက်များစွာဖြစ်စေခဲ့ပါသည်။ သို့သော် ၂၀၁၇ခုနှစ်မှာ လူထုဗဟိုပြု စီမံကိန်းမှ ပေပေါင်း (၁၃၄၄)ပေ တိုးချဲ့ကာရံဆောက်လုပ်ပေးသောကြောင့် ဘေးပတ်ဝန်းကျင်များမှ အနှောင့်အယှက်ဆူညံသံများလျော့နည်းလာပြီး ကျောင်းသားများသည် စာတွေကိုပို၍ အာရုံစူးစိုက်စွာဖြင့် လေ့လာသင်ယူနိုင်ပါသည်။ ကုန်းသာကျေးရွာ၏ အဓိကသောက်သုံးရေအရင်းအမြစ်သည် စိမ့်စမ်းရေမှ သွယ်ထားခြင်းနှင့် အနည်းစုကကိုယ်ပိုင်ရေတွင်းဖြစ်ပါသည်။ ကျေးရွာတွင် လူဦးရေနှင့်အိမ်ထောင်စု များပြားခြင်းနှင့် နွေရာသီချိန်တွင် ရေလျော့နည်းလာခြင်းတို့ကြောင့် တစ်နှစ်ပတ်လုံးအတွက် သောက်သုံး ရေမလုံလောက်သော အခက်အခဲများနဲ့ကြုံတွေ့ရပါသည်။ နွေရာသီကာလတွင် သောက်သုံးရေကို ချွေတာစွာ အသုံးပြုကြရပါသည်။ ကုန်းသာကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းများ ဖြစ်သောကြောင့် မိုးရာသီချိန်တွင်ရွှံ့ထူပြီး လမ်းချော်သောကြောင့် သွားလာရန်အခက်အခဲရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက်၊ အုပ်ချုပ်ရေးမှူးရုံးနှင့် မူကြိုကျောင်းလည်းရှိပါသည်။ သို့သော် မူကြို ကျောင်းဝိုင်းတွင် ကျောင်းရှေ့လမ်းမကောင်းသောကြောင့် ကလေးများဆော့ကစားရန်အတွက် အခက်အခဲ ရှိပါသည်။

## ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် - လှိုင်ကော်    ကျေးရွာအုပ်စု- ကုန်းသာ    ကျေးရွာ- ကုန်းသာ    ရက်စွဲ - ၂၁/၁၀/၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေးအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ်(၂)ထပ်၊ ကား၊ စက်၊ ကိုင်းရှည်၊ လယ်(၅)ကေထက်၊တောင်ယာ(၅)ကေထက် | ၃၀ | ၅.၄ |
| အလယ်အလတ် | တိုက်အိမ်(၂)ထပ်၊ တချို့(၁)ထပ်၊ တချို့ပျဉ်ထောင်အိမ်၊ လယ်(၂)ကေထက်၊ တောင်ယာ(၂)ကေအထက် | ၃၁၀ | ၅၅.၆ |
| ဆင်းရဲ/နွမ်းပါး | ပျဉ်ထောင်အိမ်၊တချို့ထရံအိမ်၊ တချို့အိမ်အငှားနေ၊ တချို့လယ်(၁)ကေ၊ တောင်ယာ(၁)ကေ၊တချို့လယ်မြေခြံမရှိ | ၂၁၇ | ၄၀ |
| | **စုစုပေါင်း** | **၅၅၇** | **၁၀၀%** |

**ပါဝင်ဆွေးနွေးသူ**

ကျား- ၃၄

မ- ၃၉

**မှတ်တမ်းတင်သူ**

အမည်    ဦးကာပြေးလယ်

ရာထူး    CF

## ဥစ္စာဓနကြွယ်ဝမှု ဆွေးနွေးသုံးသပ်ချက်


အိမ်ခြေစုစုပေါင်း (၅၅၇)အိမ်ရှိသော ကုန်းသာကျေးရွာသည် ဥစ္စာဓနကြွယ်ဝမှုအဆင့် (၃)ဆင့် သတ်မှတ်ထားကြပါသည်။ ၎င်းတို့မှာ ချမ်းသာအဆင့် (၃၀) အိမ်၊ အလယ်အလတ်အဆင့် (၃၁၀) အိမ်နှင့် ဆင်းရဲနွမ်းပါးအဆင့် (၂၁၇)အိမ်ဟူ၍အသီးသီးသတ်မှတ်ထားကြပါသည်။

ချမ်းသာအဆင့်၏သတ်မှတ်ချက်မှာ တိုက်အိမ်နှစ်ထပ်၊ ကား၊ စက်၊ ကိုင်းရှည်စက်၊ လယ်(၅) ကေအထက်၊ တောင်ယာ(၅)ကေအထက်၊ ဆိုင်(၂)စီးအထက် ပိုင်ဆိုင်ထားသော အိမ်ထောင်စုများ ဖြစ်ပါသည်။

အလယ်အလတ်အဆင့်၏သတ်မှတ်ချက်မှာ တိုက်အိမ်တစ်ထပ်၊ တချို့ကတိုက်အိမ်နှစ်ထပ်၊ တချို့ကပျဉ်ထောင်အိမ်၊ လယ်(၂)ကေအထက်၊ တောင်ယာ(၂)ကေအထက်၊ဆိုင်ကယ် ၁စီး-၂စီး ပိုင်ဆိုင် ထားသော အိမ်ထောင်စုများဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးအဆင့်၏ သတ်မှတ်ချက်မှာ ပျဉ်ထောင်အိမ်၊ ထရံအိမ်(သက်ကယ်မိုး)၊ တချို့အိမ် အငှားနေ၊ တချို့လယ်(၁)ကေ၊ တချို့တောင်ယာ(၁)ကေ၊ တချို့မြေယာပိုင်ဆိုင်မှုမရှိ၊ လက်လုပ် လက်စား ဖြစ်သော လုပ်ကိုင်သော အိမ်ထောင်စုများဖြစ်သည်။

# ရာသီခွင်ပြ ပြက္ခဒိန်



## ရာသီခွင်ပြ ပြက္ခဒိန်

| အကြောင်းအရာ | ဧပြီ | မေ | ဇွန် | ဇွန်လိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာလ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| စိုက်ပျိုးရေး | | | [illegible] | [illegible] | | | | [illegible] | [illegible] | | [illegible] | |
| ဝင်ငွေ/ ထွက်ငွေ | | | | | | | | | | | | |
| ကျန်းမာရေး | | [illegible] | | | | | | | [illegible] | | | |
| ပွဲလမ်းသဘင် | [illegible] | | | [illegible] | | | | [illegible] | | [illegible] | | |
| သောက်သုံးရေ ရရှိမှု | | | | | | | | | | | | |
| လုပ်ငန်းအားလပ်ချိန် | | | | | | | | | | | | |

ပါဝင်ဆွေးနွေးသူ

ကျား - ဦး

မ - ဦး

မှတ်တမ်းတင်သူ

အမည် -

ရာထူး - လူထုစည်းရုံးရေးမှူး ( CF)

# ရာသီစွင်ပြက္ခဒိန်ဆွေးနွေးသုံးသပ်ခြင်း

ကုန်းသာကျေးရွာနေကျေးရွာလူထုများ၏ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ ပြောင်း၊ ပဲစဉ်းငုံ တို့ ဖြစ်ပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည်လည်း တောင်ယာ၊ လယ်ယာစိုက်ပျိုးသော လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ မိုးကောင်းသောနှစ်တွင်ဆိုလျှင် စိုက်ပျိုးသော သီးနှံများအထွက်တိုး၍ ဝင်ငွေလည်းတိုးလာပါသည်။ ထို့အတူ ရာသီဉတုဖောက်ပြန်ခြင်း၊ ပိုးဖျက်ခြင်း တို့နှဲ့ကြုံတွေ့ရပါက စိုက်ပျိုးပင် များ ပျက်စီးပြီး သီးနှံအထွက်နည်းကာ ဝင်ငွေပါကျဆင်းရပါသည်။ ကုန်းသာကျေးရွာနေ လူထုများ၏ ဝင်ငွေ/ ထွက်ငွေများအနေဖြင့် စပါး၊ ပြောင်းစသောသီးနှံများ ရိတ် သိမ်းပြီးချိန်တွင် ဝင်ငွေအများဆုံးအချိန်ဖြစ်ပြီး၊ လယ်ယာထွန်ယက်စိုက်ပျိုးချိန်နှင့် ပေါင်းလိုက်ချိန်များတွင် ထွက်ငွေအများဆုံးသောအချိန် ဖြစ်ပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် အမျိုးသားများ ဦးဆောင်သောအိမ်ထောင်စုထက် ဝင်ငွေ နည်းပါသည်။ ကျန်းမာရေးအနေဖြင့် ရာသီကူး ပြောင်းကာလဖြစ်သော နွေမှမိုး၊ မိုးမှဆောင်း နှင့် ဆောင်းမှနွေ ကာလများကူးပြောင်းသွားချိန်တွင် ဂမ်းလျော၊ ဂမ်းပျက်ရောဂါနှင့် နာစေးချောင်းဆိုးခြင်းရောဂါများ ဖြစ်ပွား တတ်ကြပါသည်။ သောက်သုံးရေအနေဖြင့် မိုးကာလနှင့် ဆောင်းကာလတွေမှာ သောက်သုံးရေဖူလုံပြီး နွေကာလမှာ ရေအရင်းအမြစ်မှ ရေလျော့နည်းသောကြောင့် သောက်သုံးရေမလုံလောက်ပါ။ ထိုအချိန်တွင် သောက်သုံးရေကို ချွေတာစွာအသုံးပြုကြရပါသည်။ အလုပ်ပါးသောအချိန်များတွင် အမျိုးသားများသည် လွှဆွဲ သွားခြင်း၊ လက်သမားလုပ်ခြင်း၊ ပန်းရံနောက်လိုက်ခြင်းများ လုပ်ကိုင်ကြပြီး အမျိုးသမီးများက ထင်းခွေခြင်း၊ အထည်ရောင်းခြင်းနှင့် ကျပန်းအလုပ်များလုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရှာကြပါသည်။

## အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား+မ |
|---|---|---|
| နွား | အပ်ချုပ်စက် | အိမ် |
| ကား | ကြက်၊ ဂက် | ဆိုင်ကယ် |
| လက်ဆွဲလှ | ယက်ကန်းစင် | လမ်း |
| ထော်လဂျီ | ဈေးဆိုင် | ရေ |
| | | မီး |
| | | ဖုန်း |
| | | တီဗွီ |
| | | တံတား |
| | | စက်ဘီး |
| | | ရေကန် |
| | | ဘုရားကျောင်း |
| | | ဘုန်းကြီးကျောင်း |
| | | စာသင်ကျောင်း |
| | | စာကြည့်တိုက် |
| | | ဆေးပေးခန်း |

# အရင်းအမြစ်ထိန်းချုပ်မှု/ဆုံးဖြတ်မှုပုံစံပြဇယား


| ကျား | မ | ကျား+မ |
|---|---|---|
| မီးစက် | အပ်ချုပ်စက် | အိမ် |
| ရေကန် | ယက်ကန်းစင် | ဆိုင်ကယ် |
| လက်ဆွဲလွှ | ကြက်/ဂက် | တီဗွီ |
| ထော်လဂျီ | ဈေးဆိုင် | ဖုန်း |
| တံတား | | လမ်း |
| စက်ဘီး | | မီး |
| ရေ | | စာသင်ကျောင်း |
| နွား | | ဘုရားကျောင်း |
| ကား | | ဆေးပေးခန်း |
| ဘုန်းကြီးကျောင်း | | စာကြည့်တိုက် |

## ပိုင်ဆိုင်မှုအရင်းအမြစ် ဆန်းစစ်ခြင်း

အရင်းအမြစ်သုံးစွဲမှုဆိုသည့်အချက်မှာ အရင်းအမြစ်အများစုဖြစ်သော အခြေခံအဆောက်အအုံများ (စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ စာကြည့်တိုက် စသဖြင့်)၊ ရေ၊ မီး၊ လမ်းတံတားများကို အမျိုးသားများနှင့် အမျိုးသမီးများတို့က အတူတကွအသုံးပြုကြပါသည်။ အမျိုးသမီးများသီးသန့် အသုံးပြုသောအရင်းအမြစ်များမှာ အပ်ချုပ်စက်၊ ယက်ကန်းစင်နှင့် စျေးဆိုင်တို့ဖြစ်ပြီး အမျိုးသား များသာ သုံးစွဲသောအရင်းအမြစ်များမှာ ကား၊ ထော်လာဂျီ၊ လက်ဆွဲလှေ၊ မီးစက်နှင့် နွားများ တို့ဖြစ်ပါသည်။

အရင်းအမြစ်ထိန်းချုပ်မှုဆိုသည့်အချက်မှာ အမျိုးသားနှင့်အမျိုးသမီးများ အတူတကွထိန်းချုပ်ထားသော အရင်းအမြစ်များစွာရှိသကဲ့သို့ အမျိုးသားများသာထိန်းချုပ်ထားသော အရင်းအမြစ်များရှိပါသည်။ အမျိုးသမီးများ ထိန်းချုပ်ထားသော အရင်းအမြစ်များမှာ အပ်ချုပ်စက်၊ ယက်ကန်းစင်၊ စျေးဆိုင်၊ ကြက်၊ ဝက် တို့ဖြစ်ပါသည်။ အရင်းအမြစ်အများစုကို အမျိုးသားများက အမျိုးသမီးများတို့ထက် ပို၍ထိန်းချုပ်ကြသည့်အကြောင်းအရင်းမှာ အမျိုးသမီးများက အမျိုးသားများကဲ့သို့ မထိန်းချုပ်တတ်ခြင်း၊ မထိန်းချုပ်နိုင်ခြင်းနှင့် တချို့အရင်းအမြစ်များသည် အမျိုးသမီးများထိန်းချုပ်ရန် မသင့်တော်ခြင်းကြောင့်ပင် ဖြစ်ပါသည်။


# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ



## ပင့်ကူအိမ်ဆွေးနွေးသုံးသပ်ချက်

အမွေရပိုင်ခွင့်ဆိုသောအချက်သည် အမျိုးသားများနှင့် အမျိုးသမီးများတို့က အမွေတန်းတူ မရကြပါ။ အမျိုးသမီးများသည် အမျိုးသားများနည်းတူ အမွေမရသည့်အကြောင်းအရင်းမှာ ဘိုးဘွားစဉ်ဆက်၏ ရှေးရိုးစွဲ အယူများကို လက်စွဲကိုင်ထားသောကြောင့်ဖြစ်ပါသည်။ အမျိုးသားတို့သည် အမျိုးသမီးများထက် အလုပ်ကြမ်း ပို၍လုပ်ဆောင်နိုင်သောကြောင့် ဂင်ငွေပိုရှာနိုင်ကြပါသည်။ အိမ်မှုကိစ္စကို အမျိုးသမီးများက ဦးဆောင်ပြီး လုပ်ဆောင်ကြပါသည်။ အိမ်မှုကိစ္စတွေ အမျိုးသမီးများပိုလုပ်ရသည့် အကြောင်းအရင်းမှာ အမျိုးသားများသည် အပြင်ထွက်ငွေရှာရသောကြောင့် အိမ်မှုကိစ္စတွေပါဂင်မှုနည်းခြင်းဖြစ်ပါသည်။ ဦးဆောင်မှုဆိုသောအချက်သည် ရပ်ရေးရွာရေးကိစ္စအဂဂကို အမျိုးသားများက ဦးဆောင်ပြီး တောင်ယာ၊လယ်ယာဆင်းရန်နှင့် အိမ်မှုကိစ္စများကို အမျိုးသမီးများကဦးဆောင်ပါသည်။ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ လုံခြုံမှုမရှိသည့်အကြောင်း အရင်းမှာ မိမိကိုယ်ကိုယ်ယုံ ကြည်မှုအားနည်းခြင်းနှင့် ဘေးအန္တရာယ်ကျရောက်ခဲ့ပါလျင် အမျိုးသားများကဲ့သို့ ခုခံနိုင်သော ခွန်အားများမရှိခြင်းကြောင့်ဖြစ်ပါသည်။ လွတ်လပ်မှုမှာ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ မလွတ်လပ်မှုမရှိသည့်အကြောင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့် ကလေးငယ်များ ရှိနေသော ကြောင့် အစည်းအဝေးများသော်လည်းကောင်း၊ အသိပညာဗဟုသုတပေး သင်တန်းများသော်လည်းကောင်း ပေါ့ပါးလွတ်လပ်စွာ မတက်ရောက်နိုင်ကြပါ။ လုပ်အားမှာ အမျိုးသားများသည် အမျိုးသမီးများထက် အလေး အပင်ပို၍သယ်ဆောင်ခြင်းကြောင့်နှင့် အလုပ်ကြမ်းများပို၍လုပ်ဆောင်နိုင်ခြင်းတို့ကြောင့် လုပ်အားခပိုရကြပါ သည်။

# အဖွဲ့အစည်းများ ချိတ်ဆက်မှု ပြပုံ ( ကျေးရွာအတွင်း/ ကျေးရွာပြင်ပ)



## အဖွဲ့အစည်းချိတ်ဆက်မှု ဆွေးနွေးသုံးသပ်ချက်

ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် ကျေးရွာပြင်ပအဖွဲ့အစည်းများ၊ ကျေးရွာအတွင်းအဖွဲ့အ စည်းများ တို့နှင့်ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လှုပ်ရှားကြပါသည်။ CAအသင်း၊ သံတာအားနာအသင်း၊ လူငယ်အဖွဲ့၊ မယ်တော်သမီးအသင်း၊ သူငယ်တော်ယေဖူးအသင်း၊ ဓမ္မဆရာနှင့် ကျောင်းဒကာအဖွဲ့တို့သည် ဘာသာရေးအသင်းအဖွဲ့များဖြစ်ကြပြီး ရပ်ရွာ၏သာရေးနာရေးနှင့် ဘာသာရေး ဆိုင်ရာလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ကြပါသည်။ ရေအကျိုးတော်ဆောင်အဖွဲ့သည် စိမ့်စမ်းမှသွယ်လာ သော ရေများ တစ်ရွာလုံးရရှိရန်အတွက်နှင့် ရေလှောင်ကန်၊ရေပိုက်များ ပျက်စီးပါက ဦးဆောင်ပြီးပြုပြင် ဆောင်ရွက်ပေးပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် စာသင်ကျောင်းနှင့်ပတ်သက်သော လိုအပ် ချက်များကို အလှူငွေကောက်ခံပြီး လိုအပ်သည်များကို ဖြည့်ဆီး ဆောင်ရွက်ပေးပါသည်။

World Vision အဖွဲ့သည် ကလေးသူငယ်များအတွက် ပညာရေး၊ ကျန်းမာရေး၏လိုအပ် ချက်များ ထောက်ပံ့ပေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအတွက်ကူညီထောက်ပံ့ပေးခြင်းနှင့် မွေးမြူစိုက်ပျိုးရန် အရင်းအနှီး လိုအပ်သောကျေးရွာလူများအတွက် အရင်းအနှီးထောက်ပံ့ပေးခြင်းစသည့် ကျေးရွာ၏လိုအပ်ချက်များကို ကူညီပံ့ပိုးပေးပါသည်။ မြစိမ်းရောင်အဖွဲ့သည် ဆင်းရဲသောကျေးရွာလူထုများ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အဆင်ပြေရန်အတွက် တနည်းအားဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အရင်းအနှီးများရရှိရန်အတွက် အတိုးနည်းသောချေးငွေများထောက်ပံ့ပေးပါသည်။ ဂရုဏာအဖွဲ့သည် လူငယ်များအသိပညာဗဟုသုတတိုးပွားရန်အတွက် အသိပညာပေးသင်တန်းများ ပို့ချမှုဝေပေးပါသည်။

## ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

ကျေးရွာစီထောက်ကော်မတီဥက္ကဋ္ဌ

၁။ဦးအန်တောညို

၂။ဒေါ်လွှီးဇာ

ကျေးရွာစေတနာ့ဝန်ထမ်း

၁။ဦးအာဖြာဟန်

၂။ဒေါ်တင်လှ

၃။ဦးဗီဇင်းရှို

စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ

၁။ဦးမောင်နော့

၂။ဒေါ်နီနီအောင်

လည်ပတ်ထိန်းသိမ်းရေးကော်မတီ

၁။ဦးကားလို

၂။ဒေါ်ရှိုစလင်း

ဂယ်ယူရေးကော်မတီ

၁။ဦးကျော်

၂။ဒေါ်အန်ဂျယ်လီနာ

၃။ဦးအီဖားကို

ဂေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့

၁။ဦးပီးယို

၂။ဒေါ်အေးမ

ငွေစာရင်းကိုင်

၁။ဒေါ်သိန်းသိန်းထွေး

ပါဝင်ဆွေးနွေးသူ

ကျား-


မ

မှတ်တမ်းတင်သူ

အမည် ဦးကာပြေးလယ်

ရာထူး လူထုစည်းရုံးရေးမှူး

# ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




ပါဝင်ဆွေးနွေးသူ

ကျား-　　　　မ-　　　　　　　　　　မှတ်တမ်းတင်သူ　　　　အမည် ဦးကာပြေးလယ်　　ရာထူး လူထုစည်းရုံးရေးမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | | |
|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးကျွဲဒိုး | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-788193396 | | လူထုစည်းရုံးရေးမှူး၏ အမည် ဦးကာဝေမြူးလယ် | |
| ပြည်နယ်၊ ~~တိုင်းဒေသကြီး~~ ကယား | မြို့နယ် လွိုင်ကော် | | ကျေးရွာအုပ်စု ကုန်းသာ | | ကျေးရွာ ကုန်းသာ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၅၀၂ | ဘာသာ (၁) ခရစ်ယာန် | ~~[illegible]~~ ၄၁၀ |
| လူမျိုးစု (၂) ပအိုဝ်း | ၃၆ | ဘာသာ (၂) ဗုဒ္ဓ | ~~[illegible]~~ ၁၃၉ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ကယန်း+ဗမာ | ၁၁ | ဘာသာရော ------------ | |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၅ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀၉ ဦး | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၅၈၂ | ၁၅၁၇ |
| လူမျိုးစု (၁)-ကယန်း--- | ၁၄၉၀ | ၁၄၃၅ |
| လူမျိုးစု (၂)--ပအိုဝ်း | ၆၉ | ၅၃ |
| လူမျိုးစု (၃)---ဗမာ-- | ၇ | ၆ |
| | | |
| | | |
| အခြား | ၁၆ | ၂၃ |
| အိမ်ထောင်ဦးစီး | ~~[illegible]~~ ၅၁၇ | ၃၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း ✓ | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း ✓ | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်-၂၀၀၄/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန်----------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) World Vision

(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည်

လက်မှတ် နေ့စွဲ ၂၁.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည်

လက်မှတ် နေ့စွဲ 21.10.2017

# ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကာဖြေးလယ် | | | | | | | |
| နေ့စွဲ ၂၁ . ၁၀ . ၁၇ | | | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် | ဒီမော့ဆို | ကျေးရွာအုပ်စု | ကွန်းသာ | ကျေးရွာ | ကွန်းသာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၁.၁၀.၁၇ | ၂၁.၁၀.၁၇ | ၁၁၆ | ၁၂၀ | ၂၃၆ | ကယန်း (၂၁၇)<br>ပအိုဝ်း (၁၉) |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၁.၁၀.၁၇ | ၂၁.၁၀.၁၇ | ၁၁၆ | ၁၂၀ | ၂၃၆ | ကယန်း (၂၁၇)<br>ပအိုဝ်း (၁၉) |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၈.၁၁.၁၇ | ၈.၁၁.၁၇ | ၁၉ | ၈ | ၂၇ | ကယန်း (၂၂)<br>ပအိုဝ်း (၅) |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၂.၁၂.၁၈ | ၁၂.၁.၁၈ | ၁၁၆ | ၁၈၇ | ၃၀၃ | ကယန်း (၂၈၃)<br>ပအိုဝ်း (၂၀) |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၂.၁.၁၈ | ၁၂.၁.၁၈ | ၁၈ | ၁၄ | ၃၂ | ကယန်း (၂၈)<br>ပအိုဝ်း (၃) |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၁၂.၁.၁၈ | ၁၂.၁.၁၈ | ၁၈ | ၁၄ | ၃၂ | ကယန်း (၂၈)<br>ပအိုဝ်း (၃) |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၂.၁.၁၈ | ၁၂/၁/၁၈ | ~~၃၄~~ ၁၈ | ၁၄ | ၃၂ | ကယန်း (၂၈)<br>ပအိုဝ် (၃) |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၁၂.၁.၁၈ | ၁၂/၁/၁၈ | ~~၃၄~~ ၁၈ | ၁၄ | ၃၂ | ကယန်း (၂၈)၊<br>ပအိုဝ် (၃)၊ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၂.၁.၁၈ | ၁၂/၁/၁၈ | ~~၃၄~~ ၁၈ | ၁၄ | ၃၂ | ကယန်း(၂၈)၊<br>ပအိုဝ်(၃)၊ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | \|<br>\| |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | \|<br>\| |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | \|<br>\| |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | \|<br>\| |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | \|<br>\| |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | | | |
|---|---|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကာမြေးလယ် | | | | | |
| နေ့စွဲ 21 . 10 . 2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း ကရင် | | မြို့နယ် လှိုင်းဘွဲ့ | ကျေးရွာအုပ်စု ကုန်းသာ | ကျေးရွာ ကုန်းသာ | |

က။ **အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | - မိုးတွင်းသွားလာရခက်ခဲခြင်း၊ | ၁ | - သောက်သုံးရေ မလုံလောက်ခြင်း၊ |
| ၂ | - သောက်သုံးရေ မလုံလောက်ခြင်း၊ | ၂ | - အပင်ကိုခုတ်ပြီးထင်းယူရ၍ သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်း၊ |
| ၃ | - ကွေ့ဝိုက်ရ၍ အချိန်ကြာစွာသွားလာရခြင်း၊ | ၃ | - မိုးရာသီတွင်သွားလာရန်ခက်ခဲခြင်း၊ |
| ၄ | - ကျန်းမာရေးနှင့်အားကစားလိုက်စားချိန်မရခြင်း၊ | ၄ | - ကျောင်းနေကလေးများ လူဦးရေနည်းခြင်း၊ |
| ၅ | - အစည်းဝေးပြုလုပ်ရန်နေရာအဆင်မပြေခြင်း၊ | ၅ | - အချိန်မှီ မကုသနိုင်ခြင်း၊ |
| ၆ | - အိမ်တိုင်းလျှပ်စစ်မီး မလင်းခြင်း၊ | ၆ | - ဝမ်းရောဂါများ မကာကွယ်နိုင်ခြင်း၊ |
| ၇ | - အရေးပေါ်ကုသမှုခံယူရန် အချိန်ကြန့်ကြာခြင်း၊ | ၇ | - ဗဟုသုတနည်းပါးခြင်း၊ |
| ၈ | - ကျောင်းနေကလေးလူဦးရေနည်းခြင်း၊ | ၈ | - သီးနှံအထွက်နှုန်းနည်းခြင်း၊ |
| ၉ | | ၉ | |
| ၁၀ | | ၁၀ | |

ခ။ **မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | - အဆင်ပြေစွာသွားလာနိုင်ရန် | ၁ | - သောက်သုံးရေလုံလောက်လာရန် |
| ၂ | - သောက်သုံးရေလုံလောက်စွာရရှိရန် | ၂ | - သဘာဝပတ်ဝန်းကျင်နှင့်အပင်ထိန်းသိမ်းနိုင်ရန် |
| ၃ | - အချိန်တိုစွာနဲ့ ဖြောင့်တန်းစွာ သွားလာနိုင်ရန် | ၃ | - အဆင်ပြေစွာသွားလာနိုင်ရန် |
| ၄ | - ကျန်းမာရေးနှင့်အားကစားကိုကောင်းစွာလိုက်စား | ၄ | - ကျောင်းနေကလေးများ လူဦးရေအပြည့်ရှိရန် |
| ၅ | နိုင်ရန် | ၅ | - အချိန်မှီစွာဖြင့်ကုသနိုင်ပါက အသက်ဆုံးရှုံးမှု |
| | - အစည်းဝေးကို အဆင်ပြေစွာနဲ့ ပြုလုပ်နိုင်ရန် | ၆ | နည်းခြင်း၊ |
| | - အိမ်တိုင်းမီးလင်းလာရန် | ၇ | - ရောဂါများကင်းဝေးလာရန် |
| | - အရေးပေါ်အခြေနေတွင်အချိန်မှီစွာ | ၈ | - ဗဟုသုတ၊ အတွေးအခေါ်ကျယ်လာရန် |
| | ကုသနိုင်ရန် | ၉ | - သီးနှံအထွက်တိုးလာရန် |
| | - ကျောင်းနေကလေးများလူဦးရေတိုးလာရန် | ၁၀ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အထည်ပေးချုပ် လုပ်ဆောင်ခြင်း | အမျိုးသား | | |
| ၂ | ဘောလုံးကွင်းမြေညှိခြင်း | 〃 | | |
| ၃ | တံတားတည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | | |
| ၄ | ရွာတွင်းလမ်းပြုပြင်ခြင်း | 〃 | | |
| ၅ | ကျောင်းအုတ်တံတိုင်းကာခြင်း | အမျိုးသား | | |
| ၆ | မူကြိုကျောင်းပြုပြင်ခြင်း | အမျိုးသမီး | | / |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အိမ်တိုင်းယင်လုံအိမ်သာ | အမျိုးသမီး | |
| ၂ | တိုက်နယ်ဆေးရုံ | အမျိုးသား | |
| ၃ | ကျန်းမာရေးဝန်ဆောင်မှု | အမျိုးသား + အမျိုးသမီး | |
| ၄ | ရေကန်[illegible] | အမျိုးသမီး | |
| ၅ | စာကြည့်တိုက်စာအုပ် | 〃 | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ------------------------------- လက်မှတ် ---------------------------- နေ့စွဲ---21.10.2017-----

"ကိုးသာကျေးရွာအုပ်စု၊ ကုန်းသာကျေးရွာ ပ.ကြိမ် နှင့် ဒုကြိမ် ကျေးရွာအစည်းအဝေးပြုလုပ်ခြင်း"

နေ့ရက် ။ ။ ၂၁.၁၀.၂၀၁၇

နေရာ ။ ။ ဓမ္မရုံ (ကက်သလစ်)

( အချိန် ။ ။ ၁၀ နာရီတောင် )

အစည်းအဝေး အစီအစဉ်

၁ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှိုးထံမှ အဖွင့်အမှာစကားပြောကြားခြင်း

၂ လူထုစည်းရုံးရေးမှူး ဒေါ်ထူးထူးအောင်မှ စီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်း

၃ " " ဦးကာဖြေးလယ်မှ စီမံကိန်းလက်ဝန်းအကြောင်း ပြန်လည်ရှင်းလင်းတင်ပြခြင်း

၄ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့ ပြန်လည် သုံးသပ်ခြင်း နှင့်အတည်ပြုရွေးချယ်ခြင်း

၅ လူမှုဆန်းစစ်ချက်များ ပြန်လည်သုံးသပ်ခြင်း

၆ ပြဿနာ၊ အခက်/ခဲ၊ မျှော်မှန်းချက်များ နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်း နှင့် အတည်ပြုရွေးချယ်ခြင်း

၇ အကာအကွယ် နှင့် အကျုံးဝင်/မဝင် သောလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း

၈ ကျေးရွာစီ/တောက် ဥက္ကဋ္ဌ တစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခြင်း နှင့် အစည်းအဝေး ပိတ်သိမ်းခြင်း

အစီအစဉ် (၁) ။ ။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦး[illegible] ထံမှ အမြင့်အမြင်ကား

- ကျေးရွာဖွံ့ဖြိုးရေး တိုးတက်မှုရှိလာစေရေးအတွက် လာရောက်ကူညီပံ့ပိုး ပေးခြင်းဖြစ်
- ယခင်နှစ်က စာသင်ကျောင်း ခြံစည်းရိုး ခတ်ခြင်း လုပ်ငန်းကို ကျေးရွာလူထု လိုအပ်ချက် တစ်ရပ်အနေနှင့် ဆောင်ရွက်ပြီးစီး ခဲ့ပါသည်။
- ကိုယ့်ရဲ့ လိုအပ်ချက်ကို မိမိကိုယ်တိုင် တင်ပြပေးမှ ရမည်ဖြစ်ကြောင်း၊
- [illegible] စီမံကိန်း မှာ ပူးပေါင်းပါဝင်မှုအား မကောင်းရင် မရပါ။ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရတာ ဖြစ်ကြောင်း၊ (၅၀%)။
- ဒီနေ့ ဒီချိန်ကစပြီး ပြောင်းလဲမှု ရမည် ဖြစ်ကြောင်း၊ ကျေးရွာလူထုများ ပူးပေါင်းပါဝင်ရမည်ဖြစ်ကြောင်း၊
- ကျေးရွာအစည်း/ဝေး ပြုရာတွင် နေရာဝိုင်းခြင်း မရှိသောကြောင့် နေရာအခက် အခဲရှိပါသည်။ ထို့ကြောင့် ကိုယ့်ရဲ့ လိုအပ်ချက်တွေကို သိဖို့.. ကိုယ်တိုင် ဖော်ထုတ်ဖို့ လိုအပ် ကြောင်း၊
- ကျေးရွာလူဦးရေအရ ကြည့်လျှင် (၃၀၀၀) ကျော် ရှိပေမဲ့ လည်း အစည်း/ဝေး တက်ရောက်ရာတွင် အားနည်းမှုများ တွေ့ရှိ ကြောင်း၊
- ကျေးရွာလူထု များမှ ယနေ့ မှစ၍ နောက်နောင်ပြုလုပ်မည့် အစည်း/ဝေး ကို အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ပေးစေလိုကြောင်း တိုက်တွန်းပြော ကြားခဲ့ပါသည်။

အစီအစဉ် (၂) ။ ။ လူထုစည်းရုံးရေးမှူး ဒေါ်ထူးထူးအောင်မှ စီမံကိန်း၏ မိတ်ဆက် ရှင်းလင်းတင်ပြခြင်း

- ဒီလူထုမတိုင်ပြု စီမံကိန်းကို တလနက လူထုစည်းရုံးရေးမှူးနှင့် လက်တောက်နည်းပညာမှူးတို့မှ ကူညီပံ့ပိုးပေး[illegible]မည် ဖြစ်ကြောင်းနှင့် ကျန်ရှိသော လုပ်ငန်းများကို ကျေးရွာလူထု ကိုယ်တိုင် ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊
- လုပ်ငန်းဆောင်ရွက်ရာတွင် ကော်မတီတွေနဲ့ ပဲ သက်ဆိုင်တယ်လို့ ခံယူ ထားရင် ရင်း၊ လုပ်ငန်းက အကျိုးပြုခြင်း နည်းမယ်၊ လုပ်ငန်းလုပ်ရာ တွင် ကြန့်ကြာမှုတွေရှိ လာနိုင်တယ်။ ထို့ကြောင့် လုပ်ငန်းများ လုပ် ဆောင်ရာတွင် အများအတွက် အကျိုးပြုနိုင်သော လုပ်ငန်းကို ရွေးချယ်အပ

ယခု ကျေးရွာလူထုများ အနေနှင့် လည်း လုပ်ငန်းဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ် နေကြောင်း၊

အစီအစဉ်(၃)။ ။ လူထုစည်းရုံးရေးမှူး ဦးကာဖြေလယ် မှ စီမံကိန်း ဆက်ဝန်း ဖြန့် လည်း ရှင်းလင်း တင်ပြခြင်း

-

အစီအစဉ်(၄) ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့ ဖြန့်လွှင့်သုံးသပ်ခြင်း နှင့် အတည်ပြု ရွေးချယ်ခြင်း

ကျေးရွာစီ/တောက် (က) = ဦးအန်တောညို
(ခ) = ဒေါ်ထွေးဇ

စောင့်ကြည့်ကြီးကြပ်ရေးဆပ် (က) = ဦးမောင်ရော
(ခ) = ဒေါ်မိုမိုအောင်

ဝယ်ယူရေးဆပ် (က) = ဦးကျော်
(ခ) = ဒေါ်အန်ဂျယလီနာ
(ဂ) = ဦးအီဗားကို

လည်ပတ်ထိန်းသိမ်းရေးဆပ် (က) = ဦးကားလို
(ခ) = ဒေါ်ရိုစလင်း

ကျေးရွာငွေစာရင်းကိုင် (ခ) = ဒေါ်သိန်းဆွေ

စေယန်အကြံပြု (က) = ဦးဗီးယို
(ခ) = ဒေါ်မတုတ် (ခ) ဒေါ်အေးဓ

ကျေးရွာစေတနာ့ဝန်ထမ်း (က) = ဦးဘကြာဟာန်
(ခ) = ဒေါ်တင်လှ
(က) . ဦးမိဇင်းရှိ

အစီအစဉ် (၅) လူမှုဆက်ဆံခြင်းများ ပြန်လည်တည်ပြီ ဖြည့်စွက်ခြင်း

- (၁) လူမှုရေးအရင်းအမြစ်ပြမြေပုံ တွင် အိမ်ခြေ (၁၄) အိမ် တိုးလာပြီး မသန်စွမ်း (၉) ဦး ရှိပါသည်။ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု (၂၀) ရှိပါသည်။

(၂) ဥစ္စာဓနကြွယ်ဝမှုပြဇယား

- ချမ်းသာ အဆင့်တွင် အိမ်ခြေ (၃၀)
- အလယ်အလတ် အဆင့်တွင် အိမ်ခြေ (၃၁၀)
- ဆင်းရဲနွမ်းပါး အဆင့်တွင် အိမ်ခြေ (၂၁၄)

(၃) ရာသီခွင်ပြ ပြက္ခဒိန်

- တစ်နှစ်ပတ်လုံး စိုက်ပျိုးသော သီးနှံများ၊ ရိတ်သိမ်းသောကာလများကို ဆွေးနွေးကြပါသည်။
- ဇူလိုင်၊ ဩဂုတ်လတွင် တုပ်ကွေး ရောဂါ ကျေးရွာတွင်း အဖြစ်များပါသည်။
- ဖေဖော်ဝါရီလတွင် ပဲစေ့ငုံများ ရောင်းသောကြောင့် ဝင်ငွေများ ရှိပါသည်။
- ထွက်ငွေများ အနေဖြင့် စိုက်ပျိုးရာသီ စတင်သော အချိန်တွင် ထွက်ငွေများပြီး နိုဝင်ဘာလတွင်လည်း ဝင်ငွေ အထွက်များပါသည်။
- မတ်လနှင့် ဧပြီလတွင် အလုပ်ပါးပြီး ... လတွင်လည်း အချို့သောသူများသည် အလုပ်ပါးကြပါသည်

(၄) ပင့်ကူအိမ်

- အမွေရပိုင်ခွင့်တွင်လည်း အမျိုးသားများနှင့်တူ အမျိုးသမီးများကိုလည်း အခွင့်အရေးပေးထားပါသည်။

- ကျေးရွာတွင် ကျား - မ တန်းတူ ဝင်ငွေ ရှာကြပါသည်။
- ခွက်လုပ်မှုတွင် ပြောင်းလဲမှုမရှိ ။
- အိမ်မှုကိစ္စတွင် " "
- ဆုံးဖြတ်မှုတွင်လည်း " "
- လုပ်အားခတွင် ကျား - မ တန်းတူရရှိသွားကြပါသည်။

(၅) ပိုင်ဆိုင်မှု သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယား

| သုံးစွဲမှု | | | ထိန်းချုပ်မှု | | |
|---|---|---|---|---|---|
| က | မ | က+မ | က | မ | က+မ |
| - အားကစားကွင်း | - ယက်ခုတ် | - စာသင်ကျောင်း | - အားကစားကွင်း | - ယက်ခုတ် | - ဆေးပေးခန်း |
| - တီးဝိုင်း | | - ဆေးပေးခန်း | - တီးဝိုင်း | | - စာသင်ကျောင်း |
| | | - ဘုရားကျောင်း | | | - ဘုရားကျောင်း |
| | | - ဘုန်းကြီးကျောင်း | | | - ဘုန်းကြီးကျောင်း |

(၆) ပေါင်းပိုင်းသုံးသပ်ချက်

- ဂျူကာသည် မီးဘေး ၊ ရေဘေးများကိုလည်း ကူညီပံ့ပိုးပေးပါသည်။

အစီအစဉ်ပြော။ " ပြဿနာ အခက်/ခဲ ၊ မျှော်မှန်းချက်များ နှင့် ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်း နှင့် အတည်ပြုရွေးချယ်ခြင်း၊

- အမျိုးသမီးအဖွဲ့မှ ဆွေးနွေးချက်များ ပြောင်းလဲမှုမရှိပါ။
- အမျိုးသားအဖွဲ့မှ အခက်အခဲကို အရေးပေါ် (သေရေး/ရှင်ရေး) အခြေအနေမျိုးမှာ ဆေးဝါးကုသမှုခံယူရာတွင် အချိန်ကြန့်ကြာခြင်း ၊ အချိန်မီ မကုသနိုင်ခြင်း၊
- ကျား - မ မျှော်မှန်းချက်မှာ အချိန်မီ ဆေးဝါးကုသနိုင်ရန် (အဝေးကြီးသွား ရောမည့် ၊ အဆင်မပြေ ဆာဆင်းရဲနွမ်းပါးသူများအတွက် အချိန်မီကုသနိုင်ရန်

- ကျား → ကျေးရွာဖွံ့ဖြိုးရေး → တိုက်နယ်ဆေးရုံတည်ဆောက်ခြင်း

<u>ဒုတိယနှစ်စက်ဝန်း အတွက် ကျေးရွာဦးစားပေး အဆင့်ပြန်လည်သတ်မှတ်ခြင်း</u>

၁။ ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း (ပြီ)
(ရပ်ကွက် ၃ မှာရှိ)

၂။ ဘောလုံးကွင်း

၃. တံတားတည်ဆောက်ခြင်း

၄. လမ်း

၅. စာသင်ကျောင်းခြံစည်းရိုး

၆. တိုက်နယ်ဆေးရုံ

၇. မူကြိုကျောင်းပြုပြင်

၈. ယင်လုံအိမ်သာ

၉. ကျန်းမာရေးဝန်ဆောင်မှု

၁၀. ရင်းနှီးငွေ

၁၁. စာကြည့်တိုက် ၊ စာအုပ်

အစီအစဉ် (၇) အကာအကွယ်နှင့် အကျုံးဝင် ၊ မဝင်သောလုပ်ငန်းများကို ဖ/ထ
နည်းပညာမှူး ဒေါ်ရှုကိုင်း မှ ရှင်းလင်းပြောကြားခြင်း
အကျုံးဝင်သောလုပ်ငန်း (၁၀) ချက်
အကျုံးမဝင်သောလုပ်ငန်း (၁၆) ချက်
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် များကို လုပ်ငန်းခွဲမစခင် နှင့် လုပ်ငန်းခွဲပြုလုပ်နေစဉ် လုပ်ဆောင်ရန်
- မြေယာလွှဲပြောင်းမှု နှင့် ပတ်သက် ပြီး သက်ဆိုင်သူအားလုံး လက်မှတ်ရေးထိုးရန်လိုအပ် ပါသည်။

အစည်းအဝေးကို နှစ်ပွဲ ယခု ၃၀ ရက်နေ့တွင် အောင်မြင်စွာ ပြုလုပ်သွားခဲ့ပါသည်။

အစီအစဉ်တော။ ကျေးရွာစီ/ကော် ဥက္ကဋ္ဌ ဦးအုန်းကျော်ညီမှ ကျေးဇူးတင်စကား

ပြောကြားသွားခဲ့ပါသည်။

(signature)

ကျေးရွာ စီ/ကော် ဥက္ကဋ္ဌ

ဦးအုန်းကျော်ညီ

## ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ် မူရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ကျောက်ချောလမ်း | မ ( √ )<br>ကျား (√ ) | | | |
| | ၂ | ခန်းမဆောင် တည်ဆောက်ခြင်း | မ ( √)<br>ကျား(√ ) | | | |
| | ၃ | တံတားတည်ဆောက်ခြင်း | မ ( √ )<br>ကျား( √ ) | | | |
| | ၄ | စာကြည့်တိုက် တည်ဆောက်ခြင်း | မ (√ )<br>ကျား(√ ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားရေး | ၁ | လျှပ်စစ်မီးပညာ သင်တန်း | မ ( )<br>ကျား(√) | | | |
| | ၂ | အလုပ်အကိုင် အခွင့်အလမ်း | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အထွေထွေ | ၁ | ကျန်းမာရေး အသိပညာပေးသင်တန်း | မ( √ )<br>ကျား( ) | | | |
| | ၂ | | မ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | ကျောင်းခြံစည်းရိုး | မ (√ )<br>ကျား(√ ) | | | |
| | ၂ | စာကျက်ဆောင်<br>တည်ဆောက်ခြင်း | မ (√ )<br>ကျား(√ ) | | | |
| | ၃ | စာသင်ကျောင်း<br>အားကစားကွင်း | မ ( √ )<br>ကျား(√ ) | | | |
| | ၄ | မူကြိုဆရာမ | မ ( )<br>ကျား( √ ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | မြက်ရိတ်စက် | မ (√ )<br>ကျား( √) | | | |
| | ၂ | အမှိုက်သိမ်းစနစ်<br>ပြုလုပ်ခြင်း | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေးအဆင့် | အဆိုပြုသူ ( ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ ( ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ခန်းမဆောင်တည်ဆောက်ခြင်း | ၁ | | | √ | |
| ၂။ | ဘောလုံးကွင်းမြေညှိခြင်း | ၂ | √ | | | |
| ၃။ | တံတားတည်ဆောက်ခြင်း | ၃ | | | √ | |
| ၄။ | ရွာတွင်းလမ်းပြုပြင်ခြင်း | ၄ | | | √ | |
| ၅။ | ကျောင်းခြံစည်းရိုးတိုးချဲ့ခြင်း | ၅ | | | √ | |
| ၆။ | တိုက်နယ်ဆေးရုံ | ၆ | √ | | | |
| ၇။ | မူကြိုကျောင်းပြုပြင်ခြင်း | ၇ | | √ | | |
| ၈။ | ယင်လုံအိမ်သာတည်ဆောက်ခြင်း | ၈ | | √ | | |
| ၉။ | ကျန်းမာရေးဝန်ဆောင်မှု | ၉ | | | √ | |
| ၁၀။ | ရင်းနှီးငွေ | ၁၀ | | √ | | |
| ၁၁။ | စာကြည့်တိုက်/စာအုပ် | ၁၁ | | √ | | |
| ၁၂။ | | | | | | |
| ၁၃။ | | | | | | |

ပါဝင်ဆွေးနွေးသူ -

ကျား -

မ -

မှတ်တမ်းတင်သူ

အမည်- ဦးကာပြေးလယ်

ရာထူး -လူထုစည်းရုံးရေးမှူး

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ



